# နီဝရဏဇမ္မ

| အာရုံ | အကြောင်း | နီဝရဏ | သမထ | ဝိပဿနာ |
|---|---|---|---|---|
| သုဘနိမိတ်<br>(လိုချင်နှစ်သက်ဖွယ်အာရုံ) | အယောနိသော မနသိကာရ | ကာမစ္ဆန္ဒ - ဖြစ် | X | သတိ ပညာ |
| အသုဘနိမိတ် | ယောနိသော မနသိကာရ | ကာမစ္ဆန္ဒ - မဖြစ် | ဧကဂ္ဂတာ | သတိ ပညာ |
| ဗျာပါဒနိမိတ်<br>(မလိုချင်မနှစ်သက်ဖွယ်အာရုံ) | အယောနိသော မနသိကာရ | ဗျာပါဒ - ဖြစ် | x | သတိ ပညာ |
| မေတ္တာစေတောဝိမုတ္တိ<br>(မေတ္တာဘာဝနာ) | ယောနိသော မနသိကာရ | ဗျာပါဒ - မဖြစ် | ပီတိ | သတိ ပညာ |
| တရားအလုပ်၌ မပျော်ခြင်း၊ ပျင်းရိခြင်း၊<br>ကိုယ်လက် တဆန့်ငင်ငင်ဖြစ်ခြင်း၊<br>အစားအသောက်အဆီရစ်ခြင်း၊ စိတ်ဓါတ်ကျခြင်း | အယောနိသော မနသိကာရ | ထိန၊မိဒ္ဓ - ဖြစ် | x | သတိ ပညာ |
| အာရမ္ဘ ဓာတ်- စတင်အားထုတ်ခြင်း၊<br>နိက္ကမဓာတ်- ပျင်းရိမှုလွတ်အောင် အားထုတ်ခြင်း၊<br>ပရက္ကမဓာတ်- တိုး၍အားထုတ်ခြင်း၊<br>. (အလွန်ထက်သန်သောဝီရိယ) | ယောနိသော မနသိကာရ | ထိန၊မိဒ္ဓ - မဖြစ် | ဝိတက် | သတိ ပညာ |
| စိတ်မငြိမ်းအေးခြင်း | အယောနိသော မနသိကာရ | ဥဒ္ဓစ္စ၊ကုက္ကုစ္စ - ဖြစ် | x | သတိ ပညာ |
| စိတ်ငြိမ်းအေးခြင်း | ယောနိသော မနသိကာရ | ဥဒ္ဓစ္စ၊ကုက္ကုစ္စ- မဖြစ် | သုခ (ဥပေက္ခာ) | သတိ ပညာ |
| ဘုရား, တရား, သံဃာ, သီလ သိက္ခာ,<br>ရှေ့ဘဝ, နောက်ဘဝ, ရှေ့နောက်ဘဝ,သစ္စာ<br>ပဋိစ္စသမုပ္ပါဒ်<br>အကျိုး အကြောင်းတရား<br>ဝိစိကိစ္ဆာတည်ရာဖြစ်ရာအကြောင်း<br>(၈)မျိုး | အယောနိသော မနသိကာရ | ဝိစိကိစ္ဆာ - ဖြစ် | x | သတိ ပညာ |
| ကုသိုလ်တရား အကုသိုလ်တရားစသည် | ယောနိသော မနသိကာရ | ဝိစိကိစ္ဆာ - မဖြစ် | ဝိစာရ | သတိ ပညာ |

## နီဝရဏရှုမှတ်နည်း

ဒွါရ(၆)ခုတွင် တစ်ခုခုမှာ သုဘနိမိတ်အာရုံတစ်ခုခုကို ထင်မြင်လာတဲ့အခါ လိုချင်တဲ့ စိတ်ဖြစ်တယ်။

အဲဒီစိတ်နှင့်အတူ စေတသိက်တွေဖြစ်တယ်၊ ထိုစေတသိက်တွေထဲမှာ အဇ္ဈတ္တသန္တာန်၌

(၁) လောဘ ဆိုသော ကာမစ္ဆန္ဒနီဝရဏဖြစ် မဖြစ်ဆင်ခြင်ပါ။

(၂) ကာမစ္ဆန္ဒနီဝရဏ ဖြစ်ရင်လည်း ဖြစ်တာကို သတိဥာဏ်နှင့်ရှုမှတ်နေရမယ်၊ သိနေရမယ်။

(၃) ကာမစ္ဆန္ဒနီဝရဏ မဖြစ်ရင်လည်း - မဖြစ်တာကို သတိဥာဏ်နှင့်ရှုမှတ်နေရမယ်၊ သိနေရမယ်။

(၄) နှစ်သက်ဘွယ်အာရုံပေါ်မှာ အယောနိသောမနသိကာရကြောင့် နဂိုမူလက မဖြစ်ပေါ်သေးတဲ့ ကာမစ္ဆန္ဒနီဝရဏဖြစ်ပေါ်လာတယ်။ ဒါကြောင့် အကြောင်းဖြစ်တဲ့ အယောနိသောမနသိကာရကို သတိဥာဏ်နှင့် ရှုမှတ် နေရမယ်။

(၅) အသုဘနိမိတ်အာရုံကိုပဲ - လို့ ယောနိသောမနသိကာရထားလိုက်ရင် ကာမစ္ဆန္ဒနီဝရဏကို တဒင်္ဂပဟာန်= ခဏတာပယ်အဖြစ်ဖြင့်၊ ဝိက္ခမ္ဘနပဟာန်= အကြာကြီးပယ်ဖြစ်ဖြစ် ဖယ်ရှားနိုင်တယ်။ ဒါကြောင့် အကြောင်းဖြစ်တဲ့ ယောနိသောမနသိကာရကို သတိဥာဏ်နှင့် ရှုမှတ်နေရမယ်။

(၆) တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်တို့ဖြင့် ပယ်ရှားနိုင်တဲ့ ကာမစ္ဆန္ဒနီဝရဏတရား နောင်အခါ မဖြစ်ပေါ်နိုင်အောင် အကြောင်းဖြစ်သော အရိယာမဂ်ကို သတိဥာဏ်နှင့် ရှုမှတ်နေရမယ်။

(ကျန်နီဝရဏတရားများကို ကာမစ္ဆန္ဒနီဝရဏနည်းမှီပြီး ရှုမှတ်ပါ။)

## မှတ်ချက်။

**အယောနိသောမနသိကာရ ဟူသည်** ဒွါရ(၆)ပါး၌ ထင်လာသမျှ ရုပ်နာမ်အာရုံများကို နိစ္စ, သုခ, အတ္တ, သုဘ လို့ နှလုံးသွင်းခြင်းပင်ဖြစ်၏။ ယင်းသည် အကုသိုလ်ဟူသမျှ၏ ပေါက်ဖွားရာ မူလအကြောင်းရင်းဖြစ်သည်။

**ယောနိသောမနသိကာရ ဟူသည်မှာ** အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ အနေဖြင့် ရှုမြင်သော ဝိပဿနာနှင့် အသုဘလို့ နှလုံးသွင်းသော သမထတို့ဖြစ်သည်။

- ရဟန္တာသည် ကာမစ္ဆန္ဒ, ထိနမိဒ္ဓ,ဥဒ္ဓစ္စနီဝရဏတို့ကိုသမုစ္ဆေဒပဟာန်ဖြင့်လုံးဝပယ်ရှား နိုင်ကြောင်းဖြစ်သော အရဟတ္တမဂ်ကို သိနိုင်၏။
- အနာဂါမ်သည် ဗျာပါဒ, ကုက္ကုစ္စနီဝရဏတို့ကို သမုစ္ဆေဒပဟာန်ဖြင့် လုံးဝပယ်ရှား နိုင်ကြောင်းဖြစ်သော အနာဂါမိမဂ်ကို သိနိုင်ပါ၏။
- သောတာပန်သည် ဝိစိကိစ္ဆာနီဝရဏကို သမုစ္ဆေဒပဟာန်ဖြင့် လုံးဝပယ်ရှားနိုင်ကြောင်း ကြောင်းဖြစ်သော သောတာပတ္တိမဂ်ကို သိနိုင်၏။
- ရဟန္တာမဖြစ်သေးသော ယောဂီများနှင့် ပုထုဇဉ်များသည် မရသေးသောမဂ်ဉာဏ်များ ကို သုတ စိန္တာမယဉာဏ်ဖြင့်သာ သိနိုင်ပါ၏။